မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

January 15 , 2026 Volume 98, Number 10

၁၅.၁.၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၂.၄၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၉.၈၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၁.၃၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၃.၄၃ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၂၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၇၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၇.၈၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၈၂ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့သူများ မီးရှို့ခြင်းကင်းရှင်းကြောင်း ထောက်ခံချက်တင်ပြရမည်



ထိုင်းနိုင်ငံကိုတိရစ္ဆာန်အစာပြောင်းတင်ပို့သူတွေအနေနဲ့ မီးရှို့ခြင်းကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ် တင်ပြရတော့မယ်လို့ အစိုးရအဖွဲ့ရဲ့ ဒုတိယပြောရေး ဆိုခွင့်ရှိသူ Ms. Airin Phanrit က ပြောပါတယ်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်အသက်ဝင်တဲ့ တိရစ္ဆာန်အစာပြောင်းနဲ့ ဂျုံတင်သွင်းမှုဆိုင်ရာ စည်းမျဉ်းလေးခုကို ထိုင်းအစိုးရ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနလက်အောက်မှာရှိတဲ့ နိုင်ငံခြားကုန်သွယ်ရေးဌာနက ထုတ်ပြန်ခဲ့တယ်လို့ ဆိုပါတယ်။

တိရစ္ဆာန်အစာအတွက် အသုံးပြုဖို့ တင်သွင်းလာတဲ့ ပြောင်းဖူးတွေကို စိုက်ပျိုးစဉ် ကာလအတွင်း မီးရှို့ခြင်းမပြုတဲ့ ထုတ်လုပ်မှုဧရိယာများ သို့မဟုတ် လယ်ယာလုပ်ငန်းခွင် တွေကနေ တင်သွင်းဖို့ လိုအပ်ပါတယ်။

နယ်စပ်ဖြတ်ကျော် မီးခိုးမြူနဲ့ PM2.5 ညစ်ညမ်းမှုကို လျှော့ချဖို့၊ ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်တဲ့ စိုက်ပျိုးရေးကို ပံ့ပိုးဖို့နဲ့ ကမ္ဘာ့ကုန်သွယ်ရေးခေတ်ရေစီးကြောင်းနဲ့အညီ စိုက်ပျိုးရေးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်စံနှုန်းတွေကိုအဆင့်မြှင့်တင်ဖို့ ရည်ရွယ်ထား ပါတယ်။

ပြောင်းတင်သွင်းသူတွေအနေနဲ့ မီးရှို့ခြင်းမပြုလုပ်ရန်ဆိုတဲ့ လိုအပ်ချက်နဲ့ ကိုက်ညီ ကြောင်းသက်သေပြဖို့ ထုတ်လုပ်မှုရင်းမြစ်အချက်အလက်တွေနဲ့ အထောက်အပံ့ အထောက်အထားတွေကို ပြင်ဆင်ရမှာဖြစ်ပြီး ခြေရာခံစစ်ဆေးမှုများအတွက် သက်ဆိုင် ရာအချက်အလက်တွေနဲ့ စာရွက်စာတမ်းတွေကို ၅ နှစ်ကြာ သိမ်းဆည်းထားရမယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှာ ပြောင်းစိုက်ဧက ၂ သန်းကျော်ရှိပြီး တန်ချိန် ၃ သန်းကျော် ထွက်ရှိပါတယ်။ပြည်တွင်းသုံးစွဲမှုအနေနဲ့ ပြောင်း တန်ချိန် ၁ သန်းခန့်ရှိပြီး နှစ်စဉ်ပြည်ပကို တန်ချိန် ၂ သန်းကျော် တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းက နေ သိရပါတယ်။

၂၀၂၅ ခုနှစ်အတွင်း ထိုင်းနိုင်ငံကို မြန်မာနိုင်ငံမှ ပြောင်းဆန် တန်ချိန် ၁ ဒသမ၂ သန်းကျော်၊ တန်ဖိုးအားဖြင့် ဘတ် ၁၂ ဒသမ ၁၁၇ ဘီလီယံဖိုး တင်ပို့ခဲ့ကြောင်း ထိုင်းအကောက်ခွန်ဌာနရဲ့ အချက်အလက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီလမှ ဩဂုတ်လအထိ ၇ လတာအတွင်း တစ်လကို ပျမ်းမျှ ၁၁၆,၈၂၂ တန်မှ ၂၉၄,၂၄၃ တန်အထိ တင်ပို့နိုင်ခဲ့ပြီး ဆိပ်ကမ်းအရောက်တန်ဖိုး (CIF) ပျမ်းမျှတစ်တန်ကို ၉၄၈၅ ဘတ်ကနေ ၁၀,၀၅၆ ဘတ်အကြား ဈေးရရှိခဲ့ပါတယ်။

**Source : BETV Business**

## ကိုးလတာ ကာလအတွင်း တရုတ်အပါအဝင် ပြည်ပသို့ ရေထွက်ကုန်တန်ချိန် ၃၂၀,၀၀၀ ကျော်တင်ပို့ခဲ့



လက်ရှိဘဏ္ဍာနှစ် ကိုးလတာကာလအတွင်း တရုတ် အပါ အဝင် ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်တန်ချိန် ၃၂၀,၀၀၀ ကျော် တင်ပို့ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနစာရင်းတွေအရ သိရပါတယ်။

မြန်မာနိုင်ငံမှ ငါး၊ ပုစွန်အပါအဝင် ရေထွက်ကုန်ပစ္စည်းများ ပြည်ပသို့တင်ပို့လျက်ရှိရာ ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် ဧပြီ လ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ ကိုးလတာကာလအတွင်း ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းနဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွေကတစ်ဆင့် ရေထွက်ကုန် မက်ထရစ်တန်ချိန် ၃၂၅,၇၁၉ ဒသမ ၁၂၉ တန် တင်ပို့ခဲ့ထားခြင်းဖြစ်ကြောင်း သိရပါတယ်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်များကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံစသည့်နိုင်ငံများသို့ နှစ်စဉ်တင်ပို့နေခြင်းဖြစ်ပါတယ်။

အဆိုပါကာလအတွင်း ပြည်ပသို့ တင်ပို့ခဲ့ရသည့် ရေထွက်ကုန်များထဲမှာ ငါးမက်ထရစ်တန်ချိန် ၂၂၀,၀၀၀ ကျော်ပါဝင်ပြီး ငါးတင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၂၇၈ သန်းကျော် ရရှိခဲ့ကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## မြန်မာ့ရှေ့သခွားကို တရုတ်ဘက်က ဝယ်လိုအားနည်းလာပြီး ဈေးနှုန်းများပါ ကျဆင်းနေ

မြန်မာနိုင်ငံမှ ထွက်ရှိသော ရှေ့သခွားများကို တရုတ်နိုင်ငံဘက်သို့ နှစ်စဉ်တင်ပို့လျက်ရှိရာ လက်ရှိကာလတွင် တရုတ်ဘက်က ဝယ်လိုအား နည်းလာပြီး ဈေးနှုန်းတွေပါ ကျဆင်းလာကြောင်း နယ်စပ်ကုန်သည် အချို့ထံက သိရပါတယ်။



အခု ဇန်နဝါရီလအတွင်း တရုတ်ဘက်က ဝယ်လိုအားမှာ ပြီးခဲ့တဲ့ ၂၀၂၅ နှစ်ကုန်ပိုင်းကာလတွေနဲ့နှိုင်းယှဉ်ပါက ပိုမိုလျော့နည်းသွားပြီး ဈေးနှုန်းတွေပါ ကျဆင်းသွားမှုကြောင့် သခွားစိုက်တောင်သူတွေအနေနဲ့ တွက်ခြေမကိုက်ဖြစ်နေတယ်လို့ ဆိုပါ တယ်။

လက်ရှိတွင် ရွှေသခွား တစ်တန်ကို ယွမ် ၃၀၀၀နဲ့ ၄၀၀၀ ကြားသာ ရရှိနေတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံအတွင်း စိုက်ပျိုးထွက်ရှိသော ရွှေသခွားများကို အဓိကအားဖြင့် တရုတ်ဈေးကွက်သို့ တင်ပို့ရောင်းချလေ့ရှိပြီး နိုင်ငံခြားဝင်ငွေရရှိစေသော သီးနှံတစ်မျိုးဖြစ်သော်လည်း လက်ရှိအချိန်တွင် တရုတ်နိုင်ငံဘက်မှာ ကိုယ်ပိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးလာသလို အခြားနိုင်ငံများမှ သခွားတင်သွင်းမှုတွေ ပိုများလာခြင်းတို့ကြောင့်လည်း မြန်မာ့ရွှေသခွားအပေါ် ဝယ်လိုအား လျော့နည်းလာနေတာလို့ နယ်စပ်ကုန်သည်တစ်ဦးက ဆိုပါတယ်။

အခုနှစ်ရာသီတွင် စိုက်ပျိုးမှုကုန်ကျစရိတ်များ မြင့်တက်လာသော်လည်းသီးနှံရောင်းဈေးမှာမျှော်မှန်းထားသလို မရရှိသဖြင့် အကျိုးအမြတ်လျော့နည်းလာသလို တချို့တောင်သူများအနေဖြင့် အရှုံးပေါ်နေကြရတယ်လို့ တောင်သူတွေက ဆိုပါတယ်။

ရွှေသခွားသီးနှံဟာ စိုက်ပျိုးရလွယ်ကူ၍ အထွက်နှုန်းကောင်းသောသီးနှံတစ်မျိုးဖြစ်ပြီး မြန်မာနိုင်ငံထဲက ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## အင်ဒိုနီးရှားက ၂၀၂၆ တွင် ဆန်တင်သွင်းမှုရပ်ဆိုင်းတော့မည်<br>ယခုဘဏ္ဍာနှစ် မြန်မာနိုင်ငံမှ ဆန်ကွဲတစ်မျိုးတည်း တင်သွင်းနေ




အင်ဒိုနီးရှားနိုင်ငံက ပြည်တွင်းဆန်ထုတ်လုပ်မှုတွေ လုံလောက်တာကြောင့် ၂၀၂၆ ခုနှစ်မှာ ဆန်တင်သွင်းမှုတွေ ရပ်ဆိုင်းသွားမယ်လို့ အစိုးရဌာနတွေက ထုတ်ပြန်တဲ့ အချက်အလက်တွေအရ သိရပါတယ်။

ဒီဆုံးဖြတ်ချက်ကိုအစားအသောက်လုံခြုံရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအေဂျင်စီများမှ ထိပ်သီး ခေါင်းဆောင်တွေ တက်ရောက်ခဲ့တဲ့ ဝန်ကြီးများအဆင့် ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်မှုအပြီးမှ ထွက်ပေါ်လာတာပါ။

ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Tatang Yuliono က အင်ဒိုနီးရှားနိုင်ငံက အိမ်ထောင်စုများအတွက် စားသုံးဖို့နဲ့ စက်ရုံသုံးအတွက် လိုအပ်တဲ့ ဆန်တွေကို ပြည်တွင်းထုတ်လုပ်မှုတွေနဲ့ လုံလောက်လျက်ရှိကြောင်း ပြောကြားခဲ့ပါတယ်။

အင်ဒိုနီးရှားအစိုးရက စက်မှုဝန်ကြီးဌာနမှ တောင်းဆိုထားတဲ့ ၂၀၂၆ ခုနှစ်မှာ ဆန်တန်ချိန် ၃၈၁,၀၀၀ တင်သွင်းခွင့်ကို ပယ်ဖျက်လိုက်ပြီး ၎င်းက ပြည်တွင်းထောက်ပံ့မှုတွေနဲ့ လုံလောက်တာကြောင့်လို့ အကြောင်းပြခဲ့ပါတယ်။

အင်ဒိုနီးရှားနိုင်ငံက တင်သွင်းမှုပိတ်ပင်ခြင်းမူဝါဒကို နိုင်ငံတစ်ဝှန်း ကျင့်သုံးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အစိုးရဌာနတွေက ထုတ်ပြန်တဲ့ အချက်အလက်တွေအရ ၂၀၂၅ ခုနှစ်မှာ အင်ဒိုနီးရှားနိုင်ငံက ဆန်ထုတ်လုပ်မှုတန်ချိန် ၃၄ ဒသမ ၇၇ သန်းတန်ခန့် ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်ထက် ၁၃ ဒသမ ၅၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

အင်ဒိုနီးရှားနိုင်ငံအနေနဲ့ ယခုဘဏ္ဍာနှစ်မှာ မြန်မာနိုင်ငံကနေ ဆန်ကွဲတစ်မျိုးတည်းကို တင်သွင်းနေပြီး ဧပြီလမှ ဒီဇင်ဘာလအထိ ဆန်ကွဲတန်ချိန် ၁၉၆,၁၅၄ တန် တင်သွင်းထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ ထုတ်ပြန်ချက်အရ သိရ ပါ တယ်။

**Source : BETV Business**

## နေကြာစိုက်ပျိုးထွက်ရှိမှုအခြေအနေ



မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်တွင် စားသုံးဆီ ဖူလုံပိုလျှံစေရေးအတွက် အရေးကြီးသီးနှံတစ်မျိုးဖြစ်သည့် နေကြာများ စိုက်ပျိုးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိုးနေကြာကို တစ်မြို့နယ်လုံးအနေဖြင့် ၁၀,၃၁၄ ဧက လျာထားခဲ့၍ အမှန် စိုက်ပျိုးဧက ၁၀,၃၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဒီဇင်ဘာလ ဒုတိယပတ်တွင် ၂၅၁၇ ဧက ရိတ်သိမ်းခဲ့ပြီး အထွက်နှုန်းအနေဖြင့် ၂၁ ဒသမ ၃၅ တင်းနှုန်း၊ အထွက်တင်း ၅၃,၇၃၈ တင်း ထွက်ရှိခဲ့သည်။

မိုးနေကြာကို ဇွန်လတွင် စတင်စိုက်ပျိုး၍ အောက်တိုဘာ၊ နိုဝင်ဘာလများတွင် စတင်ရိတ်သိမ်းကြသည်။ ကျောက်ပန်းတောင်းမြို့နယ်တွင် နေကြာကို ပုပ္ပားမြောက်ဘက်ခြမ်းရှိကျေးရွာများ၊ မြောက်တောကျေးရွာ၊ ကြက်ပစ်ကျေးရွာ၊ လက်ပံပျားကျေးရွာ၊ တောင်ဦးကျေးရွာ၊ စင်မြင့်ကျေးရွာ၊ ဖြိစင်အင်းကျေးရွာ စသည့်ကျေးရွာများတွင် အဓိကစိုက်ပျိုးကြသည်။

မိုးနေကြာတစ်တင်းလျှင် ၆၆,၅၀၀ ကျပ်နှုန်းဖြင့် ကျေးရွာတွင်းရှိ ဆီစက်များသို့ စတင်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ အချို့ကို မိမိအိမ်စားသုံးရန် ဆီကြိတ်ခဲ့ကြကြောင်း၊ နေကြာတစ်ဧကစိုက်ပျိုးလျှင် ၇၂၂,၀၀၀ ကျပ်ခန့် ကုန်ကျနိုင်သဖြင့် တောင်သူအနေဖြင့် နေကြာ (၁) ဧကလျှင် အကျိုးအမြတ် ၆၉၇,၈၀၀ ကျပ် အကျိုးအမြတ်ရရှိနိုင်ကြောင်း၊ ကျောက်ပန်းတောင်းမြို့ အညာတောင်သူများသည် နေကြာသီးနှံကို ဆင်းရွှေကြာ-၂ နှင့် ရေဆင်း -၁ မျိုး နေကြာမျိုးကို အဓိကစိုက်ပျိုးကြကြောင်း နေကြာစိုက်တောင်သူတစ်ဦးထံကသိရသည်။

**Source: https://www.doca.gov.mm**

## ကမ္ဘာ့အမြင့်ဆုံး Vertical Farm ကို စင်ကာပူနိုင်ငံတွင် ဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေးနည်းပညာလုပ်ငန်းတစ်ခုဖြစ်သည့် Greenphyto က အထပ်မြင့်မြေမဲ့စိုက်ခင်း(multi-storey hydroponics farm)ဆောင်ရွက်နေမှုကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့က ကြေညာခဲ့သည်။

အဆိုပါစိုက်ခင်းမှ တစ်နှစ်လျှင် ဟင်းသီးဟင်းရွက်တန်ချိန် ၂,၀၀၀ အထိ စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်ပြီး ယင်းပမာဏမှာ ပုံမှန်သမားရိုးကျစိုက်ခင်းများမှ ထုတ်လုပ်မှု၏ ၄၅ ဆရှိသည်။

၂ ဟက်တာကျယ်ဝန်းပြီး စင်ကာပူဒေါ်လာသန်း ၈၀ ကျော် အကုန်အကျခံ၍ တည်ဆောက်ထားသည့်အထပ်မြင့်စိုက်ခင်းများမှာ ၂၃ မီတာကျော်အမြင့်ရှိပြီး ကမ္ဘာ့အမြင့်ဆုံး Vertical Farm အဖြစ် ဂင်းနစ်စံချိန်မှတ်တမ်းဝင်ခဲ့ပါသည်။

Greenphyto ၏တည်ထောင်သူ Susan Chong ၏ ပြောကြားချက်အရ အထပ်မြင့်စိုက်ခင်းတွင် nai bai ၊ မုန်ညင်းနှင့် အာရှဒေသတွင် ပေါက်ရောက်သည့် အရွက်များကဲ့သို့သော ကြီးထွားနှုန်းမြန်သည့် ဟင်းရွက်များကိုအဓိကထား စိုက်ပျိုးမည်ဖြစ်ကြောင်းသိရသည်။

Greenphyto သည် Vertical Farm တွင် အစေ့ချစိုက်ပျိုးခြင်း၊ အာဟာရဖြည့်သွင်းခြင်း၊ သီးနှံတစ်မျိုးနှင့်တစ်မျိုး အလှည့်ကျပြောင်းလဲစိုက်ပျိုးခြင်း (crop movement)၊ ရာသီဥတုထိန်းချုပ်မှုတို့အပါအဝင် စိုက်ပျိုးရေးလုပ်ငန်းစဉ်အဆင့်များပါဝင်သည့် proprietary farming system ကို အသုံးပြု၍အလိုအလျောက်စိုက်ပျိုးသည့် စနစ်ဖြင့် စိုက်ပျိုးမည်ဖြစ်သည်။

ရိတ်သိမ်းမှုနှင့်ထုပ်ပိုးမှုတို့တွင် တစ်စိတ်တစ်ပိုင်းကို အလိုအလျောက် စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး လူအားဖြင့် ဆောင်ရွက်မှုလည်းပါဝင်မည်ဖြစ်သည်။

TIR

AI နှင့် ဒီဂျစ်တယ်ကို အသုံးပြု၍ အပင်ကြီးထွားမှုနှင့် ထုတ်လုပ်မှုကို ကြီးကြပ်မည်ဖြစ်ပြီး ဝယ်လိုအားနှင့်ချိန်ကိုက်ကာ အစီအစဉ်ချ၍ ထုတ်လုပ်မည်ဖြစ်သည်။

စင်ကာပူနိုင်ငံသည် ၂၀၃၅ ခုနှစ်တွင် အမျှင်ဓာတ်စားသုံးမှု၏ ၂၀ ရာခိုင် နှုန်းထုတ်လုပ်နိုင်ရန်ရည်မှန်းထားပြီး အဆိုပါ ထုတ်လုပ်ရန်ရည်မှန်းချက်တွင် အရွက်များ၊ဟင်းသီးဟင်းရွက်အမျိုးအမည်ဝင် အသီးများ၊ ပဲအပင် ပေါက်များ၊ မှိုများပါဝင်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ Greenphyto က လက်လီဆိုင်ပေါင်း ၉၅ ဆိုင်တွင် ၎င်း၏ဟင်းရွက်များကို ရောင်းချလျက်ရှိသည်။

အစိုးရအနေဖြင့် အဆိုပါစိုက်ခင်းများအတွက် သုတေသနဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးသမားများကို ပြည်ပသို့ စေလွှတ်၍ အတွေ့အကြုံများရယူစေခြင်း၊ ရာသီဥတုဒဏ်ခံနိုင်သည့် စိုက်ခင်းများဖြစ်စေခြင်းစသည့် ထောက်ပံ့မှုများ ပိုမိုပံ့ပိုးပေးနိုင်ရန် ရန်ပုံငွေအစီအစဉ်များကို လေ့လာသုံးသပ်နေကြောင်း ရေရှည်တည်တံ့ရေးနှင့်ပတ်ဝန်းကျင်ဝန်ကြီးဌာနဝါရင့်ဝန်ကြီး Zaqy Mohamad က ပြောကြားခဲ့သည်။

**Source: The Business Times**

**(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

## အိန္ဒိယ၏စံချိန်တင်ဆန်စပါးထွက်ရှိမှုကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်းများ ဆက်လက်ကျဆင်းဖွယ်ရှိ

အိန္ဒိယတောင်သူများသည် ယခုနှစ်တွင် ဆန်စပါးများကို စံချိန်တင်ပိုမိုရိတ်သိမ်းနိုင်မည် ဖြစ်သောကြောင့် ယင်းအခြေအနေသည် ရိက္ခာဖူလုံနေပြီးသားဖြစ်သော ကမ္ဘာ့ဆန်ဈေးကွက်အတွင်းသို့ ဆန်အမြောက်အမြားထပ်မံရောက်ရှိလာစေပြီး မူလဈေးနှုန်းများအပေါ် ပိုမိုဖိအားဖြစ်စေကာ ဈေးနှုန်းများဆက်လက်ကျဆင်းသွားဖွယ်ရှိနေကြောင်း သိရသည်။

ဆန်ဝယ်လိုအားကျဆင်းနေချိန်နှင့် အဓိကဝယ်ယူနေသည့်နိုင်ငံအချို့က သွင်းကုန်စည်းမျဉ်းများကို တင်းကျပ်ထားချိန်တွင် အိန္ဒိယတောင်သူများအနေဖြင့် ဤဈေးနှုန်းကျဆင်းမှုဒဏ်ကို အဆိုးရွားဆုံးခံစားရနိုင်ကြောင်းနှင့်ကမ္ဘာ့အကြီးဆုံးဆန်ထုတ်လုပ်သည့်အိန္ဒိယနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သူများသည် ထိုင်းနှင့်ဗီယက်နမ်ကဲ့သို့သော ပြိုင်ဘက်နိုင်ငံများကို ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်အတွက် ဆန်ဈေးနှုန်းများကို မဖြစ်မနေလျှော့၍ရောင်းချရမည့်အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ယခုအချိန်တွင် အိန္ဒိယ၌ ဆန်များစွာပိုလျှံနေသည့်အတွက် ဝယ်မည့်သူများက ချက်ချင်းမဝယ်သေးဘဲ ရောင်းမည့်သူများအား မည်သည့်အချိန်အထိစောင့်နိုင်မည်ဆိုသည်ကို စမ်းနေကြကြောင်း Olam India ၏ ဒုတိယမန်နေဂျင်းဒါရိုက်တာ Nitin Gupta က ပြောကြားခဲ့သည်။

သောကြာနေ့က Raipur တွင်ပြုလုပ်ခဲ့သည့် အိန္ဒိယနိုင်ငံတကာဆန်စပါးထိပ်သီးအစည်းအဝေးတွင် ၎င်းက ဆန်အဓိကထွက်ရှိသည့် နိုင်ငံများ၌လည်း အရန်ဆန်များစုမိနေသောကြောင့် ကမ္ဘာ့ဆန်ဈေးမှာ ဆက်ပြီးကျရန်သာရှိကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယ၊ စိုက်ပျိုးရေးဝန်ကြီးဌာန၏ ခန့်မှန်းချက်အရ ၂၀၂၅-၂၆ ရာသီ၌ မိုးစပါးထွက်နှုန်းသည် တန်ချိန် ၁၂၄ ဒသမ ၅ သန်းအထိရှိခဲ့ပြီး စံချိန်တင်အထွက်တိုးခဲ့ကြောင်း၊မိုးစပါးကိုပုံမှန်အားဖြင့် ဇွန်လနှင့်ဇူလိုင်လများတွင် စိုက်ပျိုးကြကြောင်း၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများမှ အဝယ်အားနေသောကြောင့် အိန္ဒိယဆန်ဈေးသည် ယခုလက်ရှိတစ်တန်လျှင်ဒေါ်လာ ၃၅၀ ဝန်းကျင်မှ လာမည့်မတ်လ သို့မဟုတ် ဧပြီလလောက်တွင် ၁၅ ဒေါ်လာ မှ ၂၅ ဒေါ်လာခန့်အထိ ကျသွားနိုင်ကြောင်း Nitin Gupta က ဆက်လက်ပြောကြားခဲ့သည်။

အာရှ၏စံသတ်မှတ်ထားသော ဆန်ဈေးနှုန်းများသည် ထိုင်းနိုင်ငံဘက်မှ ဆန်တင်ပို့မှုလျော့ကျသွားနိုင်သည်ဆိုသော ခန့်မှန်းချက်များကြောင့် အောက်တိုဘာလကုန်ပိုင်း၌ ၁၀ နှစ်တာအတွင်း အနိမ့်ဆုံးအဆင့်မှ ၂၀ ရာခိုင်နှုန်းကျော်ပြန်တက်လာခဲ့သော်လည်း၊ ယခုအပတ်ထဲတွင် ဒီဇင်ဘာ ၂၄ ရက်ကထက် ၄ ရာခိုင်နှုန်းကျော်ပြန်ကျသွားခဲ့ကြောင်း၊ ထို့ပြင် ဖိလစ်ပိုင်နှင့် အင်ဒိုနီး

ရှားကဲ့သို့ ဆန်အမြောက်အမြားဝယ်ယူနေသည့်နိုင်ငံများက တင်သွင်းမှုများကို ကန့်သတ်လိုက်သည့်အတွက် အာရှနိုင်ငံများ၏ စပါးစိုက်တောင်သူများကို အခက်တွေ့စေခဲ့ကြောင်း သိရှိရသည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏အစီရင်ခံစာတွင် အိန္ဒိယ၌ စပါးစိုက်ပျိုးမှုအားကောင်းခဲ့သောကြောင့် ၂၀၂၅-၂၆ ရာသီတွင် တစ်ကမ္ဘာလုံး၏ ဆန်ထွက်နှုန်းသည် တန်ချိန် ၅၅၈ ဒသမ ၈ သန်းအထိရှိပြီး စံချိန်သစ်တင်လိမ့်မည်ဟု ခန့်မှန်းထားပါကြောင်း၊ယခုကဲ့သို့အထွက်နှုန်း အဆမတန်များလာသောကြောင့် ကမ္ဘာ့အရန်ဆန်စုဆောင်းထားရှိမှု ပမာဏသည် လည်း အမြင့်ဆုံးစံချိန်သစ်ကို ရောက်သွားနိုင်ကြောင်း သိရသည်။

**Source: India's record rice crop is set to deepen slide in global prices, The Economic Times, Jan 10, 2026.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

## STOCK EXCHANGE (15.1.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 15th Jan. 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 19,652 (Shares) | 63,937,500 (MMK) |

Stock trading

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | -100 | -1.19% | 8,400 | 8,400 | 8,300 | 51 | 428,000 | 33,109,694 | 274,811 |
| MTSH | 00002 | 3,750 | +0 | +0.00% | 3,650 | 3,750 | 3,650 | 270 | 987,500 | 38,929,150 | 145,984 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,700 | 7,700 | 7,400 | 29 | 223,000 | 10,400,986 | 76,967 |
| FPB | 00004 | 2,700 | -50 | -1.82% | 2,700 | 2,700 | 2,700 | 1,340 | 3,618,000 | 29,664,613 | 80,095 |
| TMH | 00005 | 3,250 | +50 | +1.56% | 3,150 | 3,250 | 3,150 | 46 | 146,900 | 12,823,224 | 41,676 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 3,076 | 5,025,100 | 19,977,223 | 32,962 |
| AMATA | 00007 | 3,900 | +0 | +0.00% | 3,800 | 3,900 | 3,800 | 30 | 114,200 | 10,497,598 | 40,941 |
| MAEX | 00008 | 3,100 | -50 | -1.59% | 3,150 | 3,150 | 3,100 | 1,258 | 3,930,000 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 15th Jan. 2026

Today's summary

| Index name | Close | Change | %Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 406.76 | -2.84 | -0.69% | 408.06 | 410.25 | 405.75 | 6,100 | 14,472,700 | 8 | 767,231 |

Index chart



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 15th Jan. 2026

| Trading Volume | Trading Value |
|---|---|
| 21,945 (Shares) | 70,044,050 (MMK) |

## Main Board

As of 1:00 p.m. 15th Jan. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,100 (Shares) | 14,472,700 (MMK) |

| MYANPIX | 406.76 ▼ 2.84 |
|---|---|
| Total Volume (shares) | 6,100 |
| Total Value (MMK) | 14 mil |
| Listed Company | 8 |
| Market Cap. (MMK) | 767,231 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▼ 100 |
| MTSH | 00002 | 3,750 | ▲ 0 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 2,700 | ▼ 50 |
| TMH | 00005 | 3,250 | ▲ 50 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,900 | ▲ 0 |
| MAEX | 00008 | 3,100 | ▼ 50 |

TIR